မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၁၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရတနာတန်းဝင် ကျွန်းပင်၊ သီးပင်စားပင် စုစုပေါင်း ၃၅၀၀ စိုက်ပျိုးပေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဆည်အမှတ်(၃၈)အတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

စိုက်ပျိုး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ သရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက သတ်မှတ်နေရာ၌ သရက်ပင်ကိုလည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဝန်ကြီးရုံး ဆည်အမှတ်(၃၈)အတွင်းသို့ ငါးကြင်းရွှေဝါနှင့် ငါးမြစ်ချင်းများကို ငါးမျိုးစိုက်ထည့်ပေးသည်။ *စာမျက်နှာ ၆ ကော်လံ ၁*

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကယားပြည်နယ်မှ လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ စပါးနှင့် ကြံအထူးပြု တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း ရှစ်ကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများအား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၃၀ စိုက်ကွင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ပြောင်းလဲအသုံးပြု

သိပ္ပံနည်းကျစိုက်နည်းစနစ်များ ကျင့်သုံးပါက ပန်းတိုင်အထွက်နှုန်းရရှိနိုင်

နေပြည်တော် ဇွန် ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၆ နာရီတွင် ကယားပြည်နယ် စီမံ/စီးပွားဝန်ကြီးဌာန ဝန်ကြီး ဦးတော့ရယ် ခေါင်းဆောင်သော လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ဝင် ၄၀၊ မှော်ဘီ စပါးအထူးပြုစိုက်ပျိုးရေးတက္ကသိုလ်ကျောင်း(ခွဲ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၉ ဦး၊ ဖြူးမြို့နယ် ညောင်ပင်သာရှိ ကြံစက်မှုသီးနှံအထူးပြုစိုက်ပျိုးရေးတက္ကသိုလ်ကျောင်း(ခွဲ)မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀ နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း ရှစ်ကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ ၆၀ တို့အား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၃၀ စိုက်ကွင်း၌ စံနမူနာပြ စိုက်ပျိုးထားရှိသော စပါးခင်းများ၊ ရေဆင်းအထူးအထွက်တိုး နေကြာ-၁ စိုက်ခင်း၊ အထူးအထွက်တိုး ကြံစိုက်ခင်းများနှင့် လယ်ယာသုံး ကိရိယာများကို ကိုယ်တိုင်လိုက်လံရှင်းလင်းပြသသည်။

ပြောင်းလဲအသုံးပြု

ပြည်ထောင်စုဝန်ကြီးသည် လေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့် စိုက်ပျိုးရေးပညာရှင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တောင်သူလယ်သမားများအနေဖြင့် ဤစိုက်ကွင်းအတွင်း လေ့လာမှတ်သားရရှိသည့် အတွေ့အကြုံ၊ ဗဟုသုတများကို လက်တွေ့အသုံးချကြရန်လိုကြောင်း၊ အထူးအထွက်တိုး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို ပြောင်းလဲအသုံးပြုပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လိုက်နာကျင့်သုံးကြခြင်းအားဖြင့် *စာမျက်နှာ ၅ ကော်လံ ၁*

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၁၇ ရက်)

ကျေးလက်ဒေသနေပြည်သူများ စာဖတ်ရှိန်မြင့်မားရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ အများဆုံးဆောင်ရွက်နေကြသည့် နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုများဖြစ်သည်ကို တွေ့ရှိရပေသည်။

ကျေးလက်ဒေသ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်နေသည်ဖြစ်ရာ ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဒေသတွင်နေထိုင်သော ပြည်သူများ အသိပညာဗဟုသုတ မြင့်မားရန်၊ အတွေးအခေါ်မှန်ကန်ရန်၊ ခေတ်အမြင်၊ ခေတ်အသိရှိရန်သည် အရေးကြီးပေသည်။

သို့ဖြစ်၍ ကျေးလက်ဒေသနေပြည်သူများ အသိပညာဗဟုသုတ မြင့်မားရေးအတွက် ကျေးရွာစာကြည့်တိုက်များကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပြီး ယခုအခါ အနာဂတ်တွင် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်မည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းထားပြီးဖြစ်သည်။

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြင့်မားပြီး စာအုပ်စာစောင်များကို စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အကျင့်ရရှိစေရေး အထောက်အကူပေးရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကျေးလက်ပြည်သူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတပြည့်စုံလာခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည် ဖြစ်သည်။

စာဖတ်ရှိန်မြင့်မားတိုးတက်လာခြင်းဖြင့် လယ်ယာလုပ်ငန်း၌ အသိပညာများ တိုးတက်လာပြီး ရေးထုံးအယူအဆ၊ အစွဲအလမ်းများပပျောက်ကာ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ မွေးမြူရေးနည်းစနစ်များကို သိရှိလာမည်ဖြစ်သည်။ ခေတ်မီတိုးတက်သည့် နည်းစနစ်များ သိရှိလာခြင်းဖြင့် ကျေးလက်ပြည်သူများ၏ စီးပွားရေးလုပ်ငန်းတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျစေရေးတွင် ကျေးလက်စာကြည့်တိုက်များသည် များစွာအထောက်အကူပြုနေသဖြင့် ကျေးလက်ပြည်သူများ စာဖတ်ရှိန် မြင့်မားတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်လိုင်းဝန်ထမ်းများ ထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင်ယာဉ်လိုင်း၏ ၂၀၁၁ခုနှစ် ထူးချွန်ဆုများချီးမြှင့်ပွဲနှင့် ကျောင်းနေအရွယ်ကလေးများအတွက်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက် ၁၀နာရီက ကျိုက်ဗောဓိခမ်းမှာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်လိုင်း ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ဝန်ထမ်းများ၏ သားသမီးများအားပညာသင်ထောက်ပံ့ကြေး၊ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆု၊ ဝန်ထမ်းဆု၊ ယာဉ်စွမ်းဆောင်ရည်ဆု၊ ဝန်ထမ်းနှင့် ယာဉ်လုပ်သားများဝတ်စုံ စသည်တို့အတွက် စုစုပေါင်းငွေကျပ် သိန်း ၂၄၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင် **(အပေါ်ပုံ)**၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မြို့၊ ခရိုင်ယာဉ်လိုင်းဥက္ကဋ္ဌ ဦးသောင်းရှိန်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း တို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၉)

ငါးသယံဇာတ တိုးပွားရေး
ဆည်အတွင်း ငါးမျိုးစိုက်ထည့်

မင်းလှ ဇွန် ၁၆

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ငါးသယံဇာတ တိုးပွားရေးအတွက် မင်းလှမြို့နယ်ရှိ ကံတင်ဘီးလင်းဆည်အတွင်းသို့ ဇွန် ၁၀ ရက်က ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်သူရနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ကံတင်ဘီးလင်းဆည်အတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေသုံးသိန်းခန့် မျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း မင်းလှဆည်နှင့် စဥ့်ကူးချောင်းဂေါင်းဆည်အတွင်းသို့လည်း မေ ၃၁ ရက်က ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေစုစုပေါင်း ငါးသိန်းခန့်ကို မင်းလှမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းတို့ စုပေါင်း၍ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

လမ်းများကောင်းမွန်ရေး ဘုရားသုံးဆူ၌ ဆောင်ရွက်

ဘုရားသုံးဆူ ဇွန် ၁၆

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများက မြို့တွင်းလမ်းများ ကောင်းမွန်စေရန် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို ဇွန် ၆ ရက်က အမှုဆောင်အရာရှိ ဦးရဲလင်းဦး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကွန်ကရစ်တံတားခင်း

ဇွန် ၁၄ ရက်က မော်ဘီမြို့နယ် မြို့မ(၄)ရပ်ကွက် ကွက်သစ်ကျောင်းလမ်းသံကူကွန်ကရစ်တံတားခင်းခြင်းကို အမှုဆောင်အရာရှိ ဦးရဲမင်းကျော်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဝင်းသန္တာစိုးနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၈၃ခုနှစ်တွင် ဝင်ခွင့်ရရှိခဲ့သည့် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို အင်းလျားကန်ဟိုတယ် မြက်ခင်းပြင်တွင် ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ နေရပ်လိပ်စာ ဓာတ်ပုံစာအုပ်များ ကြိုတင်စီစဉ်နိုင်ရန်အတွက် ကိုသန်းထွန်း ဖုန်း- ၀၉-၅၀၂၁၁၅၆၊ ကိုညီညီလွင် ဖုန်း-၀၉-၅၀၁၂၉၇၉၊ ကိုအောင်နိုင်လေး ဖုန်း-၀၉-၅၅၅၀၀၀၃၊ ကိုခင်မောင်လွင် ဖုန်း-၀၉-၅၁၂၀၉၃၀၊ ကိုညီ လေးနိုင် ဖုန်း-၀၉-၅၀၅၄၀၁၄၊ ကိုဇော်မင်း(ကိုဟိုက်) ဖုန်း-၀၉-၅၁၂၄၈၃၂၊ ကိုအောင်သိန်း ဖုန်း-၀၁-၅၀၉၇၉၁၊ ဒေါက်တာသန်းသန်း သွယ်(နေပြည်တော်) ဖုန်း-၀၉-၈၇၇၀၁၅၀၊ မကြည်ကြည်သောင်း (မန္တလေး) ဖုန်း-၀၉-၉၁၀၀၄၈၃၆၊ မမြမြမိုး ဖုန်း-၀၉-၇၃၀၇၅၅၇၇ နှင့် ကိုစိုးလင်း(စင်ကာပူ) ဖုန်း-၀၀၆၅-၉၈၅၂၁၅၂၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား
အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono သည် ဇွန် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ယခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများသို့ တက်ရောက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းနှင့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌
အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

နေပြည်တော် ဇွန် ၁၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ခနောင်ထော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် စာရွက်စာတမ်း လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က အခြေခံပညာအလယ်တန်းကျောင်းသား ကျောင်းသူ ၄၀၇ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်မြှင့်တင်ခြင်းနှင့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၅၃၅ ဦး အတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသည် အထက်တန်းကျောင်း(ခွဲ)အဆင့်မှ အခြေခံပညာအထက်တန်းကျောင်း အဆင့်သို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး အလျားပေ ၁၃၀ နှင့် အနံပေ ၃၀ ရှိ အုတ်ညှပ် နှစ်ထပ် ကျောင်းဆောင်သစ်ကို ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌက ဆောက်လုပ်လှူဒါန်းပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၂၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၄၀ ၈။ International News
- ၈:၄၅ ၉။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၀ ၈။ **ဘူမိအပူသုံးစွမ်းအင်များ** (အပိုင်း-၁)
- ၅:၂၅ ၉။ **အရေးကြီးလို့ပါ**
- ၅:၃၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၆)
- ၂၀။ **သီချင်းချစ်သူ** အထူးအစီအစဉ် (အပိုင်း-၃)
- ၂၁။ အစီအစဉ်ပြီး၏။

ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ဧရာဝါရှောင်လမ်းပေါ်ရှိ ရေနုတ်မြောင်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးယုန်ဖုနှင့် ဝန်ထမ်းများ မေ ၂၄ ရက်က ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် အမှုဆောင်အရာရှိ ဦးဝင်းမြင့်တို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဇွန် ၁၆

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဘာသာရပ် (ဒုတိယဆုရ) ဒေါက်တာအေးကျော် (ဆေးသုတေသန) ရေးသားသည့် **ဂလိုဘယ်ဇီဝဆေးသိပ္ပံနှင့် မြန်မာ့ဆေးသုတေသနရေစီးကြောင်း** စာအုပ်ကို စာအုပ်အသင်း၏ ၇၂ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မစ္စတာအမ်ဂျက်မာဂျစ်အဘာစီအား ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ ကာဇီအမ်ခါ လီလူးလား၏နေရာတွင် မစ္စတာအမ်ဂျက်မာဂျစ်အဘာစီအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး နိုင်ငံရေးသိပ္ပံနှင့် သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ သူသည် ၁၉၈၁ ခုနှစ်တွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ တူနစ်စ်မြို့၌ လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဒူဘိုင်းမြို့၌လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဒူရှန်ဘီမြို့၌လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အန်ကာရာမြို့၌ လည်းကောင်း ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် သံတမန်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲအဖြစ် ၂၀၀၇ မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် မစ္စတာ အမ်ဂျက်မာဂျစ်အဘာစီသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာအမ်ဂျက်မာဂျစ်အဘာစီသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ယူကရိန်းနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မာကီးယန်းချူချက်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မာကီးယန်းချူချက် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Yunnan De Rui Feng Investment Co., Ltd. ဥက္ကဋ္ဌ Mr. Guan Yi နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ဓါတ်ပုံ)** ခဲမဖြူ၊ အဖြိုက်နက်သတ္တုများ တူးဖော်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စကြာဒီသ ညီလာခံတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၁၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Sathira Dhammasathan ဗုဒ္ဓဘာသာဌာနကြီး၌ ဇွန် ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် စကြာဒီသ နိုင်ငံတကာ ညီလာခံသို့ တက်ရောက်ရန် သီလရှင်ဆရာမကြီး ဒေါ်ရူပသီဂီ ဦးဆောင်သော သီလရှင် ၁၀ ပါး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံမှ သီလရှင်ဆရာမကြီး ဒေါ်စန်စဏီး၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းကြီး(ဗဟို)၏ ကူညီမှုဖြင့် သွားရောက်ခြင်းဖြစ်သည်။ ယင်းညီလာခံကို အာရှတိုက်အတွင်း နှစ်နှစ်တစ်ကြိမ် ကျင်းပလျက်ရှိပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ ဗုဒ္ဓဘာသာဝင် သီလရှင်များ၊ ယောဂီအမျိုးသမီးများ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်လေ့ရှိသည်။

အဆိုပါ ညီလာခံကို ဗုဒ္ဓမြတ်စွာဘုရား၏ ဆိုဆုံးမမှုများနှင့် မေတ္တာတရားတော်များအား အများပြည်သူတို့ထံ ပြန့်ပွားစေရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြေတိုင်းနည်းပညာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၆

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို မေ ၁၅ ရက်မှ ၁၆ ရက်အထိ တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြေတိုင်းပစ္စည်းများကို ရှင်းလင်းပြသခဲ့ကြသည်။ **(ဓာတ်ပုံ)**

လက်တွေ့စမ်းသပ်

အခမ်းအနားတွင် မြေတိုင်းပုံထုတ်ဆိုင်ရာလုပ်ငန်းများတွင် အသုံးဝင်သည့် V9RTK GPS များ၊ Total Station များ၊ Digital Theodolite များ၊ Tripod, Staff များ၊ Ushikata Survey Compass များနှင့် ဘူမိဗေဒလုပ်ငန်းသုံး Brunton Compass များ၊ Stereoscope များ၊ လက်ကိုင် Abney hand Level များ၊ လေဆာဖြင့် အကွာအဝေး ဧရိယာထုထည် တိုင်းတာနိုင်သော Distometer အပါအဝင် ရေအနက်ပေ တိုင်းတာနိုင်သော Depth Sounder များ၊ လက်ကိုင် PH meter များ၊ Infra Thermometer များ စသည်တို့၏ နည်းပညာများကို လက်တွေ့စမ်းသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါ ပစ္စည်းများနှင့်ပတ်သက်၍ Amigos Int'l Co., Ltd. နှင့် SH-102,SH တိုက်တန်း သစ္စာဥယျာဉ်အိမ်ရာ သစ္စာလမ်း (၈)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၀၁-၅၆၄၅၁၇ နှင့် ၀၉-၅၀၂၅၉၇၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးတိုင်နှင့် မြေစာရင်း)**

ကြီးကြပ်ဆောင်ရွက်

လေးမျက်နှာမြို့နယ် ယောမင်းကြီးလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးချစ်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြွေကိုက်ခံရလျှင်

၁။ မြွေကိုက်ခံရသည့်နေရာကို ရရာသန့်ရှင်းသောအဝတ်ဖြင့် ခပ်ဖွဖွသုတ်ပါ၊ အားဖြင့် ဖိမပွတ်ရ၊ ရေအလွယ်တကူရနိုင်လျှင် ရေဖြင့် ဆေးပါ။

၂။ အလျား ၃ လက်မ၊ အနံ ၃ လက်မ၊ အထူ ၁ လက်မခွဲအရွယ် အဝတ်ခေါက်ထူထူ (သို့မဟုတ်) ပတ်တီးခေါက် (သို့မဟုတ်) ရော်ဘာ ရေမြှုပ်စတစ်ခုကို ဒဏ်ရာပေါ်တွင်တင်ပါ။

၃။ လက်ဖမိုး၊ လက်ချောင်း၊ ခြေချောင်းများတွင် မြွေကိုက်ခံရပါက အဝတ်ခေါက်ကို သင့်တော်ရာအရွယ်ပြုလုပ်၍ ဒဏ်ရာပေါ်တင်ပါ။

၄။ အဝတ်ခေါက်၏အပေါ်တွင် ပတ်တီး (သို့မဟုတ်) အဝတ်စ (သို့မဟုတ်) အားကစားပတ်တီးကို မြဲရုံတင်းရုံ (ခြေဆစ်လက်ဆစ်များ နာကျင်သည့်အခါတွင် စည်းနှောင်သလောက်သာ) စည်းပါ။

၅။ ဒဏ်ရာကို ပတ်တီးစည်းပြီးပါက ဝါးခြမ်း(သို့မဟုတ်) တုတ်ချောင်းရှည်ဖြင့် မြွေကိုက်ခံရသော ခြေ(သို့မဟုတ်) လက်တစ်ချောင်းလုံးကို ကပ်၍ ကျပ်စည်းပါ။ ခြေဆစ်၊ လက်ဆစ်၏ အထက်နှင့်အောက်တို့တွင် ကြိုး (သို့မဟုတ်) ပတ်တီးဖြင့် ချည်နှောင်ရမည်။

၆။ ခြေလက်တစ်ချောင်းလုံးမီသော တုတ်ချောင်းမရနိုင်ပါက ဝါးခြမ်းနှစ်ခု၊ သုံးခုကို သင့်လျော်သလို ဆက်၍သုံးပါ။

၇။ လူနာကို လှုပ်ရှားမှုလုံးဝမပြုလုပ်စေဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရမည်။

၈။ ဖြစ်နိုင်ပါက မြွေသေကို တစ်ပါတည်းယူဆောင်လာပါ၊ ကိုက်သောမြွေကိုသိရှိပါက မှန်ကန်တိကျသော မြွေဆိပ်ဖြေဆေးကို အချိန်မီထိုးနိုင်ရန် အထောက်အကူပြုသည်။

မြွေကိုက်ခံရပါက အောက်ပါတို့ကို ရှောင်ကြဉ်ရမည်

၁။ ဒဏ်ရာကို ဓားဖြင့်ခွဲခြင်း၊ မီးစဖြင့်ထိုးခြင်း

၂။ လူနာကို အရက်တိုက်ခြင်း

၃။ ဆေးလိမ်းခြင်း၊ နှိပ်ခြင်း၊ ပွတ်ခြင်း

၄။ မြွေမြီးကိုဖြတ်၍မျိုခြင်း

၅။ မြွေကိုက်ဒဏ်ရာ၏ အထက်ဘက်တွင် ကြိုးဖြင့်တင်းကျပ်စွာ ချည်နှောင်ခြင်းသည် ခြေလက်များ ပုပ်တတ်ခြင်းအပြင် ကြိုးဖြေလိုက်ပါက အဆိပ်ပျံ့နှံ့မှုကို လျင်မြန်စေပါသည်။

၆။ လူနာကို လမ်းလျှောက်ခြင်း၊ လှုပ်ရှားစေခြင်း မပြုရပါ၊ လက်တွင် မြွေကိုက်ခံထားရသူပင်ဖြစ်စေ လှုပ်ရှားမှုကြောင့် အဆိပ်ကို ပိုမိုလျင်မြန်စွာ ပျံ့နှံ့စေသောကြောင့်ဖြစ်သည်။ **ကျန်းမာရေးဦးစီးဌာန**

ဇွန် ၉ ရက်က ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ်ကျေးရွာအုပ်စု တံတားကြီးကျေးရွာ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့်အမှုဆောင်အရာရှိတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

■ *ရှေ့ဖုံးမှ*

သီးနှံ အမျိုးအစားအလိုက် ပန်းတိုင် အထွက်နှုန်းကို ချက်ချင်းလက်ငင်း လက်တွေ့ အကျိုးရရှိနိုင်မည် ဖြစ်သည့်အပြင် လယ်ယာပိုင်ရှင်များ ဝင်ငွေတိုး၍ ပိုမိုချောင်လည်စေမည် ဖြစ်ကြောင်း၊ လယ်ပိုင်၊ ယာပိုင်မရှိသော (လယ်မဲ့ ယာမဲ့) လယ်ယာလုပ်သားများ၊ ကောက်စိုက်သမများ အနေဖြင့်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေကာ တစ်ဦးချင်း ဝင်ငွေနှင့် နေထိုင်မှုဘဝလက်တွေ့ မြင့်မားလာမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်အတွင်းရှိ တောင်ယာများကို သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စနစ်တကျ ကောက်ကွက်ပြည့်မီအောင် သွယ်တန်းမြောင်းဖောက်လုပ် စိုက်ပျိုးခြင်းအားဖြင့် တောင်ယာများ၏ တစ်ဧကအထွက်နှုန်း တိုးတက်စေမည် ဖြစ်ကြောင်းဖြင့်လည်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေး အဖွဲ့ဝင်များသည် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော တောင်သူပညာပေး စိုက်ခင်းဧက ၃၀၌ ပြသထားသော လယ်ယာသုံးစက်ကိရိယာ၊ ကောက်ရိတ်စက်များ၊ ထွန်စက်များနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စိုက်ပျိုးထားသော စပ်မျိုးနေကြာ-၁ စိုက်ခင်း ငါးဧကသို့ ရောက်ရှိကြရာ တာဝန်ခံက စပ်မျိုးနေကြာ-၁ ၏ အားသာချက်များနှင့် တစ်ဧကအနည်းဆုံး တင်း ၅၀ ထွက်ရှိမှု၊ တစ်တင်းလျှင် နေကြာဆီ ၄ပိဿာ ၅၀သား ရရှိနိုင်မှု၊ တစ်ဧကဆီပိဿာ ၂၂၀ အထက် ရရှိနိုင်မှုနှင့် အိမ်ထောင်စု ငါးစုအတွက် တစ်နှစ်စာ ဆီဖူလုံပိုလျှံမှု ရှိပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့်လေ့လာရေးအဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်ရှိ ဖြစ်ထွန်း အောင်မြင်လျက်ရှိသော အထူးအထွက်တိုး စပါးစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်စိုးက အထူးစပါးအနေဖြင့် တစ်ဧက တင်း ၂၂၀အထက်သေချာစွာ ထွက်နိုင်ပြီး တစ်နှံပါအောင်စေ့နှင့် အနံ့ပါပင်ပွားများ အရေအတွက်၊ တစ်ဧကကောက်ကွင် ဝင်ဆံ့မှုများကို တွက်ချက် ရှင်းလင်းပြောကြားပြီး တောင်သူလယ်သမားများ ဝင်ငွေ နှစ်ဆမှ သုံးဆအထိ တိုးတက်ရရှိနိုင်သဖြင့် မျိုးစေ့များ သုတေသနပြုလုပ်ကာ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ကြံမျိုးသန့်မျိုးပွားစိုက်ခင်း

ထို့နောက် လေ့လာရေး အဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ တစ်ဧကပျမ်းမျှ တန် ၅၀ အထက်ထွက်ရှိမည့် တစ်ဆက်တစ်စပ်တည်း ကြံမျိုးသန့်မျိုးပွား စိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိကြရာ မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက သိပ္ပံနည်းကျ ကြံစိုက်ပျိုးနည်းစနစ်နှင့် ကြံမျိုးသန့်မျိုးပွားများကို တိုးချဲ့ အကောင်အထည်ဖော်၍ တောင်သူများ တွက်ခြေကိုက်ရေးအတွက် မျိုးဖြန့်ဝေမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပေါင်းစည်းလယ်ယာဧက၃၀ စိုက်ကွင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးသန့်ပညာပေးစိုက်ခင်းများနှင့် သုတေသနစိုက်ခင်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရတနာတန်းဝင် ကျွန်းပင်စိုက်ပျိုးပေး

နေပြည်တော် ဇွန် ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပသည်။

ကျွန်းပင်စိုက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကိုလည်းကောင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များနှင့် အရိပ်ရလေကာပင်များကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၇၀၀နှင့် အရိပ်ရလေကာပင် အပါအဝင် စုစုပေါင်း အပင် ၃၀၂၀ ကို စိုက်ပျိုးပေးကြသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပစိုက်ပျိုးခဲ့ရာ ပြီးခဲ့သည် ၂၀၁၀ ခုနှစ်အထိ ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်ပင်၊ နှစ်ရှည်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၈၅၅၆ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက် အကြောင်းကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

မေးမြန်းဆွေးနွေး

ထို့နောက် ပွဲပြည့်စိုက်ကွင်း မန်နေဂျာ ဦးလှတိုးက လုပ်ငန်း အသေးစိတ် အချက်အလက်များကို ဒေသခံတောင်သူများအား ရှင်းလင်း ပြောကြားရာ တောင်သူလယ်သမားများက သိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit System အရ သွားရောက် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော လုပ်သားလောင်းများအတွက် ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (HRD-Korea) က လာရောက်စစ်ဆေးသော ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ကို အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ဇွန် ၁၁ ရက် နှင့် ၁၂ ရက်တို့တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ကျင်းပရာ လုပ်သားလောင်း ၄၅၂၃ ဦး လာရောက်ဖြေဆိုခဲ့ကြသည်။

ကြေညာမည်

စာမေးပွဲအောင်စာရင်းကို အမှတ် ၈/၁ နဂါးရုံဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတွင် ဇွန် ၃၀ ရက်၌ ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit System အရ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော လုပ်သားလောင်းများအတွက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ကို ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် အာဋ္ဌာနာဋိယသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**မဟာသမယသုတ်နှင့် မဟာအာဋ္ဌာနာဋိယသုတ်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၆:၃၅	ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၇)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၅)
၈:၄၅	သာသနာ့အကျိုး ရွက်သယ်ပိုးကာ စံပြုထိုက်ရာ **သကျမိတာ**
၉:၀၅	Activities in the City [ကုသိုလ်ဖြစ်သွေးလှူဒါန်းပွဲနှင့် ပညာဒါနဖွင့်ပွဲ (တောင်ဒဂုံပရိယတ္တိစာသင်တိုက်)]
၉:၁၅	ရန်ကုန်သမဝါယမဒီဂရီကောလိပ်၏ အငြိမ်းစားမြတ်ဆရာပူဇော်ပွဲ
၉:၃၅	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း -၁၃)
၁၀:၀၀	Activities in the City [T.T.O Trading Co., Ltd. (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ]
၁၀:၁၅	MENHUNT 2011 (Part-2)
၁၀:၄၀	ဖက်ရှင်လမ်းညွှန် (အပြာရောင်ဖက်ရှင်)
၁၁:၀၅	သူတို့ပြောတဲ့ သူတို့အကြောင်း (တူးတူးမြင့်သိန်း)
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သာသနာနုဂ္ဂဟဝေယျာဝစ္စ ဆန်လှူအသင်းကြီး၏ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ (မင်္ဂလာဒုံမြို့နယ်)
၁၂:၁၅	ရှေးမူမပျက် ဆင်ယင်နွဲ့ ရှင်ပြုအလှူမင်္ဂလာ
၁၂:၃၅	Mother's Day
၁:၀၀	**မဟာသမယသုတ်နှင့် မဟာအာဋ္ဌာနာဋိယသုတ်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၁:၄၅	ကပ်လှူပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ် စေတီတော်ဝယ်
၂:၀၀	MRTV-4 သတင်း
၂:၂၀	Style ရှိမှ Star ဖြစ်မယ်
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃၇)
၄:၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၉၅)
၅:၀၀	Activities in the City (ထိုင်းနိုင်ငံ ကျောက်ဖရားဆေးရုံကြီးဆေးပညာ နှီးနှောဖလှယ်ပွဲ)
၅:၂၀	ရှင်မင်း၏ **လျှို့ဝှက်ချက်** တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား
၅:၃၀	MNL Preview
၆:၀၀	MRTV -4 သတင်း
၆:၂၀	အောင်မြင်မှုတို့ဖော်ညွှန်းရာ… ချင်းတွင်း College မှာ…
၆:၄၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၃၈)
၇:၂၅	The Champion of Dance
၈:၀၀	MRTV -4 သတင်း
၈:၃၀	VJ Choice
၈:၅၅	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV -4ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၉၆)
၁၀:၂၀	ဂီတသရုပ်ပြခန်း (စိုးစန္ဒာထွန်း-မောင်လို့ခေါ်ခွင့်)
၁၀:၅၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၁:၀၀	World of Knowledge (Mega Structures: Miami Super Stadium)
၁၁:၅၀	ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟုထင်ပေါ် မန္တလေးမြို့က ကျောက်စာတော်စေတီတော်
၁၂:၀၀	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၂)
၁၂:၂၅	အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
၁၂:၄၅	စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း-၂)
၁:၁၀	စက္ကူလွှင်လွှင် ပန်းယဉ်ယဉ် အလှဆင်စေချင်
၁:၂၀	နုယဉ်ဆန်းထွင် ပန်းအလှဆင် (ယပ်တောင်ပုံပန်းထိုးနည်း) (ပန်းအိုးအသေး)
၁:၅၀	အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချ သုံးစွဲကြ… (အင်းလေး)
၂:၁၅	Shooting Location (ကီလီဖ)
၂:၄၀	**လောကရဲ့ အလှရတနာ** ရဲအောင်၊ သူထူးစံ၊ မေသဥ္စာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ
၂:၅၅	၄ ကျမ်းစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား(အခြေခံ) (လေးပုံသုံးပုံ လွှဲချက်ပြုလုပ်ခြင်း၊ ကျင်းစိမ်ခြင်း)
၄:၁၅	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၄:၂၅	စကားဝါမြေမှ မေတ္တာရှင်ဇီဝိတဒါန အာရောဂျသာလာသံဃာ့ဆေးရုံ
၄:၄၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❍ ရွှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးရုံးပရိဝုဏ်အတွင်းရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သရက်ဥယျာဉ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထို့အတူ နေပြည်တော်ဇေယျာသီရိ မြို့နယ်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်၌ ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည် စားသုံးသီးနှံပင်များနှင့် အရိပ်ရ လေကာပင်များ အပါအဝင် စုစုပေါင်း ၄၃၉ ပင်ကိုလည်းကောင်း၊ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀၊ စိန်တစ်လုံး သရက်ပင်၅၀၀နှင့် ဆီသပြေပင်၅၀၀ တို့ကိုလည်းကောင်း စိုက်ပျိုးကြသည်။ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ယနေ့အထိ စုစုပေါင်း ရတနာတန်းဝင် ကျွန်းပင် ၂၀၀၀၊ စိန်တစ်လုံး သရက်ပင် ၁၀၀၀ နှင့် ဆီသပြေပင် ၈၀၀ တို့ကို စိုက်ပျိုးပြီးဖြစ်သည်။

မျိုးစိုက်ထည့်

ယနေ့ကျင်းပသည့်ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ နှစ်ရှည်သီးပင် စားပင်နှင့် အရိပ်ရ လေကာပင် အပါအဝင် စုစုပေါင်းအပင်၃၅၀၀ကို စိုက်ပျိုးပေးကြပြီး ငါးသားပေါက် ကောင်ရေ ၆၀၀၀၀ကို မျိုးစိုက်ထည့်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပစိုက်ပျိုးခဲ့ရာ ပြီးခဲ့သည့်၂၀၁၀ခုနှစ်အထိ သရက်ပင် ၃၄၀၀၊ ပျဉ်းကတိုး၊ အရိပ်ရ လေကာပင်နှင့် နှစ်ရှည်သီးပင်စားပင် ၂၆၅၀၀ စုစုပေါင်းအပင် ၂၉၉၀၀ ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သား သမီးများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၌ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဂုဏ်ထူး သုံးဘာသာနှင့်အောက် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ရန် ဌာနဆိုင်ရာ အကြီးအကဲများထံ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ လွှဲပြောင်းပေးအပ်ပြီး ခြောက်ဘာသာ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ သုံးဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ငါးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ၁၂ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက လေးဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၏ သားသမီးများမှ ခြောက်ဘာသာ သုံးဦး၊ ငါးဘာသာ ၁၂ ဦး၊ လေးဘာသာ ၁၈ ဦး၊ သုံးဘာသာ ၂၅ ဦး၊ နှစ်ဘာသာ ၂၅ဦး၊ တစ်ဘာသာ ၇၂ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅၂၆ ဦး စုစုပေါင်း ၆၈၁ဦး အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်ဝန်ထမ်းများ၏ သား သမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရေး ဗဟုသုတ၊ ခံယူချက်နှင့် လုပ်ငန်းစွမ်းဆောင်ရည်များ ပိုမိုတိုးတက်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၆

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများ၊ သဘာဝဘေးဖြစ်ပွားမှုများ၊ အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများနှင့် ပြန်လည်ခေါင်းထောင်လာသောရောဂါများ (Emerging and Reemerging Diseases) ဖြစ်ပွားလာမှုများ၊ ကူးစက်ရောဂါ၊ ကပ်ရောဂါအသွင် ဖြစ်ပွားမှုများစသည်ဖြင့် နေရာအသီးသီးတွင် ဖြစ်ပွားမှု များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းတိုင်းသည် ဤသို့ ပြောင်းလဲမှုများနှင့်အညီ ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုအချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မည့် ဗဟုသုတ၊ ခံယူချက်နှင့် လုပ်ငန်းစွမ်းရည်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

အလွန်အရေးကြီး

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် နှစ်များအတွင်းတွင် ဆားစ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါစသည့် ရောဂါအသစ်များ ဖြစ်ပွားလာမှုများကိုအခြားနိုင်ငံများနည်းတူရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်း၊ ဤသို့ ဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည့် အတွေ့အကြုံများ အထိုက်အလျောက်ရရှိပြီးဖြစ်ကြောင်း၊ ဤအတွေ့အကြုံများမှ သင်ခန်းစာရယူခဲ့ရာ ခေါင်းဆောင်မှုအရည်အချင်း၊ နည်းပညာနှင့် တတ်ကျွမ်းနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်တို့သည် အလွန်အရေးကြီးသော အင်အားစုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကြောင့် ရောဂါအသစ် ဖြစ်ပေါ်မှုများကို အောင်မြင်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အရေးအကြီးဆုံးဖြစ်သည့် အရည်အချင်းပြည့်ဝသည့် ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းအတွက် စွမ်းရည်မြှင့်တင်ခြင်းသင်တန်း Field Epidemiology Training Programme (FETP) သင်တန်းများကို ဆရာဝန်များ၊ ကျန်းမာရေးမှူးများအား သင်တန်းပေးခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ သင်တန်းများပေးခြင်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းပြီးဆုံးလျှင် သင်တန်းသားများသည် သင်တန်းရည်ရွယ်ချက်အလိုက် ကူးစက်ရောဂါများဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းများကိုလက်တွေ့ကွင်းဆင်း ဆောင်ရွက်ရာတွင် စနစ်တကျ ကျွမ်းကျင်စွာတတ်မြောက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးကို အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်တန်းပို့ချချက်များ အားလုံးကို ကြိုးစားလေ့လာမှတ်သား၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ဇွန်၁၂ရက် နံနက်၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနရှိ ဘက်စုံသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် Field Epidemiology Training Programme (FETP)သင်တန်းဖွင့်ပွဲတွင်ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။ **(ဝဲပုံ)**

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ ဆေးဝါးထိန်းချုပ်မှုဌာန (Drug Control Section) ရှိ ဆေးဝါးဓာတ်ခွဲစစ်ဆေးရေးဌာန (Pharmaceutral Chemistry) နှင့် အစားအသောက်နှင့် ရေဓာတ်ခွဲစစ်ဆေးရေးဌာန (Food and Water Lab) တို့ကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရှိ Media Room, Bacteriology Room, Virology Room သင်တန်းခန်းမများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ခုတင်၂၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ သူနာပြုများနှင့် တွေ့ဆုံပြီး ဆေးရုံကြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်၊ဆေးရုံကြီးရှိအမျိုးသား၊ အမျိုးသမီးလူနာကုသဆောင်၊သားဖွားမီးယပ်ကုသဆောင်၊ ကလေးကုသဆောင်၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနနှင့် အရေးပေါ်လူနာဌာနများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြင်းမူမြို့နယ်ပြည်သူ့ဆေးရုံ၊ ချောင်းဦးမြို့နယ်ပြည်သူ့ဆေးရုံနှင့် ခတက္ကန်ကျေးလက်ကျန်းမာရေးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးခတက္ကန်ကျေးလက်ကျန်းမာရေးဌာန၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေကြသည့် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမများအား တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌မွေးမြူပြသထားသော ကျားမ(ငွေခင်) ကျားငယ်နှစ်ကောင် ပေါက်ဖွား

နေပြည်တော် ဇွန် ၁၆

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် မွေးမြူပြသထားသော ကျားမ (ငွေခင်) သည် မေ ၁၂ ရက် ည ၇ နာရီနှင့် ၇ နာရီ ၄၅ မိနစ်တို့တွင် ကျားငယ်လေးနှစ်ကောင် ပေါက်ဖွားခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

ပြုစုစောင့်ရှောက်

အဆိုပါ ကျားမ(ငွေခင်)သည် ယခင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ မွေးမြူပြသထားသော ကျားမဖြစ်ပြီး တိရစ္ဆာန်များမျိုးဆက်ပြန့်ပွားရေးနှင့် သန်မာသော မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေး အစီအစဉ်အရ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပြောင်းရွှေ့ပို့ဆောင်ခဲ့ရာမှ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ရှိ ကျားထီး(ကျော်ဟိန်း)နှင့် သားစပ်၍ ယခုကဲ့သို့ ကျားငယ်လေးများ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း၊ ကျားများ၏ ကိုယ်ဝန်ဆောင်ကာလမှာ ပုံမှန်အားဖြင့် ၁၀၃ရက်မှ ရက် ၁၁၀ အကြားတွင်ဖြစ်ပြီး ယခု ကျားမ(ငွေခင်)၏ ကိုယ်ဝန်ဆောင်ရက်မှာ ၁၀၄ရက်ဖြစ်ကြောင်း၊ ကျားငယ်လေးများသည် မိခင်နို့ရည်သောက်စို့ကာ ကျန်းမာရွှင်လန်းလျက်ရှိပြီး ဇွန် ၁၂ ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်းနှင့် တာဝန်ကျတိရစ္ဆာန်ထိန်းများကလည်း နေ့/ညဂရုပြု စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် သဘာဝတောများအတွင်း အကြောင်းအမျိုးမျိုးကြောင့် တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်မှုအန္တရာယ် ဖြစ်ပေါ်လျက်ရှိရာ ရှားပါးတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း မရှိစေရေးအတွက် တိရစ္ဆာန်ဥယျာဉ်များက မျိုးစပ်သားဖောက်ပြန့်ပွားရေးကို မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အဆင့်မြင့်ဘောလုံးကွင်း တည်ဆောက်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းရှိ မန္တလေးအဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မြန်မာဘောလုံးအကယ်ဒမီကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဦးစိုးညွန့်နှင့် မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာ ဦးခင်မောင်ကြွယ်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဆင့်မြင့်ဘောလုံးကွင်း ပတ်ဝန်းကျင်လမ်းဖောက်လုပ်မှုလုပ်ငန်းများ စနစ်တကျရှိရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအလိုက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး မြန်မာဘောလုံးအကယ်ဒမီကျောင်း (မန္တလေး)၌ အားကစားသမားများ အသက်အပိုင်းအခြားအလိုက် အားကစားလေ့ကျင့်နေမှု၊ မန္တလေးအဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံတည်ဆောက်နေမှု(**အပေါ်ပုံ**)နှင့် အားကစားလေ့ကျင့်ရေးခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် အတွေ့အကြုံရှင်းလင်း

လားရှိုး ဇွန် ၁၆

နေပြည်တော်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ကျင်းပခဲ့သော ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၁၂ရက် နံနက်ပိုင်းက လားရှိုးခရိုင်တရားရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင်၊ လောက်ကိုင်ခရိုင်၊ ကွမ်းလုံခရိုင်၊ ခရိုင်တရားသူကြီးများနှင့်ခရိုင်အတွင်းရှိ တရားသူကြီးများအား ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များ၊ ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်များအား ပြန်လည်ရှင်းလင်းပြောကြားသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှမ်းပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကဝမြို့နယ် အမှတ်(၆)ရပ်ကွက်တွင် နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုကို မေ ၂၉ ရက်က ပဲခူးတိုင်းဒေသကြီး စီမံခန့်ခွဲရေးဝန်ကြီးဌာနဝန်ကြီး ဦးရဲမြင့်ထွန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒလမြို့နယ်တွင် အခမဲ့ဆေးကုသပေး

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေးခြင်းကို မေ ၂၁ ရက်က ဒလမြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ မျက်စိအထူးကု၊ နား၊နှာခေါင်း၊လည်ချောင်းအထူးကု၊ တိုင်းရင်းဆေးဆရာများ၊ ပြန်လည်သန်စွမ်းရေးနှင့် သမားတော်ကြီးများ ပါဝင်သောဆရာဝန်ကြီးများက လူနာများကို ဆေးကုသပေးခဲ့ပြီး ထိုသို့ ကုသပေးမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထူးလှိုင်တို့က လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ထာဝရ ငွေပဒေသာပင် စိုက်ထူ

ကျောင်းကုန်း ဇွန် ၁၆

ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံအတွက် ထာဝရ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို မေ ၇ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် ပညာတံခွန်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဦးတင်မြင့်နှင့် ဇနီး ဒေါ်သန်းငွေ(ပညာတံခွန်)မိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်း လှူဒါန်းသဖြင့် မြို့နယ်ဆေးရုံ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်၊ မြို့နယ်ဆေးရုံ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ **(ဝဲပုံ)**

အဆိုပါ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းလိုပါက မြို့နယ်ဆေးရုံ ကြီးကြပ်မှု ကော်မတီ ဖုန်း-၀၄၆-၄၀၁၁၆နှင့် ၀၄၆-၄၀၂၆၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၀၉၁)**

အမှာစကား ပြောကြား

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မြို့နယ်ရုံး၌ ဇွန် ၁၀ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်း အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ဇွန် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီး ၃၅ ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဂေါပကအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ ဝန်ထမ်းသားသမီးများအား ဂေါပကအဖွဲ့ဝင် ဦးမျိုးခင်က ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ ရက်က မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေက ကျောင်းသားတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ပညာရေး)

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပွဲကို ဇွန် ၆ ရက်က မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်တင်ရီက ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်က ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

ပေါက်ခေါင်းမြို့နယ်တွင် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃ ရက်က အထက(ခွဲ) အိုးဘိုကုန်းကျောင်းစုဝေးကွင်း၌ ကျင်းပရာ မန္တလေးမြို့နေ ဦးကြီးရွှေ-ဒေါ်သောင်းသောင်းဝင်း မိသားစုက လှူဒါန်းသည့် ကျောင်းသုံးစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးတင့်က ကျောင်းသား ကျောင်းသူများအား ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာမာကီးယန်းချူချက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယူကရိန်းနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး မစ္စတာမာကီးယန်းချူချက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်ယူကရိန်းနှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်စိုးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးခင်မောင်ရီ အထွေထွေမန်နေဂျာ မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့သစ်လုပ်ငန်း သစ်တောရေးရာဝန်ကြီးဌာန
(ခ)	ဒေါက်တာအောင်မင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာခိုင်မြဲ ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ပါမောက္ခဒေါက်တာသန်းမောင် ဒုတိယပါမောက္ခချုပ်(သင်ကြား) တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား

၁၇-၆-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၇။ ဇာတ်လမ်းတို
- ၄:၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၁၀။ အိုင်စီတီသုတ
- ၅:၀၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ
  - ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၅)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ **ရွာ** ဟာသ ဇာတ်လမ်းတွဲ
- ၆:၄၅ ၁၆။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၂၀)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ **သံစဉ်များနှင့်ကမ္ဘာ**
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၂၅)
- ၂၈။ ကမ္ဘာတစ်ခွင်ခရီးစဉ်

✻ ကျောဖုံးမှ

ဆွေးနွေးတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း (ယာယီ)မှ အဖွဲ့ဝင်များနှင့် ဟိုတယ်/ခရီးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးစိန်လှမြင့်တို့က မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်း(ယာယီ) ဖွဲ့စည်းထားမှု၊ ဆောင်ရွက်ပြီးစီးမှု၊ အသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြီးစီးမှုတို့ကို လည်းကောင်း၊ ဧည့်လမ်းညွှန်သင်တန်း သင်ရိုးညွှန်းတမ်းကို ASEAN Standard နှင့်အညီ ရေးဆွဲသတ်မှတ်ရေး၊ Guide License ထုတ်ပေးရာတွင် Guide အမျိုးအစားခွဲခြားရေး၊ Guide License သက်တမ်းတိုးရာတွင် Refresher Course ပြုလုပ်ရေးနှင့် ယခု ဖွင့်လှစ်လျက်ရှိသော Guide သင်တန်းသင်ကြားရေး မှတ်စုများ ပြုစုမှု အခြေအနေတို့ကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းအတွက် အသင်း မတည်ရန်ပုံငွေ ကျပ်သိန်း ၅၀ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက စိုက်ထုတ် မတည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၁၀နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား ရေကြောင်း/လေကြောင်းဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းရှိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၁၆

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

ဇွန် ၁၇ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြို့သာယာလှပရေး အောင်လံမြို့နယ်၌ ဆောင်ရွက်

အောင်လံ ဇွန် ၁၆

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အထူးသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်က ရွာထောင်ရပ်ကွက် ရေအရင်းအမြစ်ရုံးလမ်းတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အထူးသန့်ရှင်းရေး ပြုလုပ်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မိုးရာသီစာအုပ်အရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇွန် ၁၆

Myanmar Book Centre ၏ မိုးရာသီစာအုပ်အရောင်းပွဲတော် (Back To School & Monsoon Sale) ကို ဇွန် ၁၈ ရက် (စနေနေ့)မှ ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့)အထိ ကျင်းပမည် ဖြစ်ရာ အဆိုပါအစီအစဉ်တွင် ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများအတွက် အသုံးဝင်မည့် နိုင်ငံတကာသင်ရိုးညွှန်းစာအုပ်များ အင်္ဂလိပ်စာသင်ကြားရေး စာအုပ်များ၊ Test Paper များ၊ သင်ထောက်ကူ ပစ္စည်းများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည်

Back to School & Monsoon Sale အရောင်းပွဲတော်ကို Myanmar Book Centre ၏ ဆိုင်ခွဲများဖြစ်သော ဆိုင်(၁) အမှတ် ၅၅ ဗဟိုလမ်း၊ ဗဟိုလမ်းနှင့် အလုံလမ်းထောင့် အလုံမြို့နယ် ရန်ကုန်မြို့၊ ဆိုင်(၂) အမှတ် ၅၆၁-၅၆၇ အခန်း ၃ မြေညီထပ် MAC Tower (1) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီ နှင့် ဆိုင်(၃) အမှတ် ၃၀၀၄ ဒုတိယထပ် တော်ဝင်စင်တာ ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၊ မန္တလေးဆိုင်ခွဲဖြစ်သော အခန်းတီဘီ ၁၉-၂၀ သုံးလွှာ ဂရိတ်ဝေါလ် ရွှေ့ပင်းစင်တာ မန္တလေးဆိုင်တို့တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အုန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးအောင်သန်းနှင့် တာဝန်ရှိသူများက အထိမ်းအမှတ် အုန်းပင်များကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း ၁၀၀၊ ပိတောက် ၅၀၊ ရင်းမာ ၁၅၀၊ ကုက္ကို ၁၅၀၊ အုန်း ၃၀၀၊ ကွမ်းသီးပင် ၁၀၀၊ ငုရွှေ ၁၀၀၊ စိန်ပန်းကြီး ၁၅၀၊ စွယ်တော် ၁၀၀၊ တမာ ၁၅၀၊ ပန်းမဲဇလီ ၁၀၀၊ မဲဇလီ ၂၀၀၊ ယူကလစ် ၁၀၀၊ အော်ရီးရှား ၁၀၀၊ ကံ့ကော် ၅၀၊ စစ်ပင် ၇၅၊ မန်ကျည်း ၅၀၊ ရေတမာ ၇၅၊ ထန်း ၅၀ နှင့် စိန်တစ်လုံး ၁၀၀ စုစုပေါင်းအပင် ၂၂၅၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျွန်းလှမြို့နယ်၌ ကျင်းပ

ကျွန်းလှ ဇွန် ၁၆

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၏ ကြီးကြပ်မှုဖြင့် ဇွန် ၄ ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်သန်းမျိုးနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ခရေ၊ ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ တမာနှင့် ပျဉ်းကတိုးပင် စုစုပေါင်းအပင် ၁၅၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇွန် ၁၆

ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော အမှတ်(၁) ရပ်ကွက် ခြေတော်ရာဘုရားအနီးတွင် ဇွန် ၇ ရက် နံနက်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) သစ်တောဦးစီးဌာနမှ တွဲဖက်ပြည်နယ်အရာရှိ ဦးပြည့်စုံမျိုးက ၂၀၁၁ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းအကြောင်းရင်းကို ရှင်းလင်းပြီး ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ်မင်းသိန်းဇံနှင့် တွဲဖက်ပြည်နယ်အရာရှိ ဦးပြည့်စုံမျိုးတို့က ပျိုးပင်များ ပေးအပ်ရာ တက်ရောက်လာကြသူများက လက်ခံယူကြသည်။ ထို့နောက် ကျွန်းပင်၊ ထင်းရှူးပင်၊ ခါတော်မီပင်၊ ချယ်ရီပင်နှင့် ပနားမားငု ပျိုးပင်စုစုပေါင်းအပင် ၂၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့

စန်းလွင်

နှစ်စဉ် ဇွန်လ ၁၇ ရက်နေ့သည် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးနေ့ World Day to Combat Desertification ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းအပေါ် သဲကန္တာရဖြစ်ထွန်းမှုအန္တရာယ် တိုးမြင့်လာမှု၊ မြေဆီလွှာယိုယွင်းမှုနှင့် မိုးခေါင်မှုစသည်တို့ကို လူထုနှင့် အစိုးရတို့ ဂရုပြုအာရုံစိုက်စေမည့်နေ့အဖြစ် ဖော်ညွှန်းသတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ်သည် အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ဖြစ်၍ ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့ကိုလည်း ကမ္ဘာ့ပူပြင်းခြောက်သွေ့သည့် ဒေသရှိ သစ်တောများကို ဖော်ညွှန်းသည့်အနေဖြင့် ဆောင်ပုဒ်ကို "Forests keep drylands Working" ဟု သတ်မှတ်ထားသည်။

သဲကန္တာရဖြစ်ထွန်းမှုကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် အဓိကစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်စေသည်ဟု သိရှိခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ ၁၉၇၇ ခုနှစ်က ကုလသမဂ္ဂ သဲကန္တာရ ဖြစ်ထွန်းမှုဆိုင်ရာဆွေးနွေးပွဲတွင် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးဆောင်ရွက်ရန်စီမံချက်ကို အတည်ပြုခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပသည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် သဲကန္တာရဖြစ်ထွန်းမှုကို ဖြေရှင်းရန်အတွက် အလေးပေးစဉ်းစားခဲ့ကြသည်။ ဒေသခံလူထုအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြင့်စေသည့် ဘက်စုံချဉ်းကပ်မှုတစ်ခုပြုလုပ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုခဲ့သည်။ ကုလသမဂ္ဂသဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းကို ၁၉၉၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ အတည်ပြုခဲ့ပြီး ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တရားဝင်ပြဋ္ဌာန်းခဲ့သည်။ ယခုအခါ ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင် ၁၉၄ နိုင်ငံရှိလာပြီဖြစ်သည်။

သဲကန္တာရဖြစ်ထွန်းမှုသည် အဓိကအားဖြင့် ရာသီဥတုနှင့် သဘာဝဆိုင်ရာ အကြောင်းများကြောင့်ဖြစ်ရသည်။ သီးနှံများအလွန်အကျွံရိတ်သိမ်းခြင်း၊ အလွန်အကျွံစားကျက်ချခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ညံ့ဖျင်းသည့် ဆည်မြောင်းစနစ်၊ ဆင်းရဲမွဲတေမှု၊ နိုင်ငံရေးမတည်ငြိမ်မှု စသည်တို့ပါဝင်သည်။

သဲကန္တာရဖြစ်ထွန်းမှု၊ မြေအတန်းအစားနိမ့်ကျမှုနှင့် မိုးခေါင်မှုတို့သည် အသက်မွေးဝမ်းကျောင်းမှုများကို လျော့ပါးပျက်ပြုန်းစေခြင်းဖြင့် လူသားတို့ လုံခြုံမှုအတွက် ခြိမ်းခြောက်နေသည်။ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ရေရရှိမှုနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းလုပ်ဆောင်မှုတို့ကို ယုတ်လျော့စေရုံမျှမက နေရင်းဒေသများကိုပင် ပျက်စီးစေသည်။ အဆိုးဆုံးမှာ လူထုအား နေရင်းဒေသများမှ စွန့်ခွာသွားစေမှု သို့မဟုတ် သယံဇာတများ ကာလကြာရှည်မရှိ၍ မရပ်တည်နိုင်မှုတို့ကြောင့် အမျိုးသားဆိုင်ရာနှင့် ဒေသဆိုင်ရာ လုံခြုံမှုကို ပျက်ပြားစေခြင်းပင်ဖြစ်သည်။

ယေဘုယျအားဖြင့် သဲကန္တာရဖြစ်ထွန်းမှုဟု သိထားကြသည့် ပူပြင်းခြောက်သွေ့သည့် မြေများတွင် မြေအတန်းအစားနိမ့်ကျခြင်းမှာ ပေါက်ရောက်ပင်များကို အပြောင်ရှင်းလင်းခြင်းမှ စတင်သည်။ ပူပြင်းခြောက်သွေ့သည့်မြေများကို ကုစားပေးခြင်းနှင့် သဲကန္တာရဖြစ်ထွန်းခြင်းနှင့် မိုးခေါင်ခြင်းတို့မှ ကာကွယ်ပေးသည့် တောခြောက်များသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ထိန်းညှိနိုင်ခြင်းမှာ အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံး အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ ယနေ့ကမ္ဘာ့မြေပြင်ဧရိယာ၏ ၁၈ ရာခိုင်နှုန်းသည် တောခြောက်များဖြစ်သည်။ ကုလသမဂ္ဂသည် ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်ဟုသတ်မှတ်ထားပြီး လူထုအတွက် သစ်တောများ၏ အလုပ်အကျွေးပြုမှုကို ဖော်ကျူးထားသည်။ သိပ္ပံပညာရှင်များနှင့် ကျွမ်းကျင်သူများက သစ်တောများသည် ဒေသခံလူထုအတွက် ဘက်စုံအခန်းကဏ္ဍမှ အထောက်အကူပြုနေကြောင်း သဘောတူကြသည်။ သစ်တောများက လူထုနှင့် အိမ်မွေးတိရစ္ဆာန်များအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ရရှိစေသည်။ အဆိုပါသစ်တောများသည် ဒေသခံလူထု သန်း ၂၀၀၀ ခိုလှုံရန် သဘာဝကခွင့်ပြုထားသည့် နေရာတစ်ခု ဘဝတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သဲကန္တာရဖြစ်ထွန်းမှု မရှိသေးသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် သဲကန္တာရဆန်သည့် မြေဖွဲ့စည်းမှုများရှိနေသည်။ ရွှေဘိုခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ကျောက်ပန်းတောင်းခရိုင်၊ ညောင်ဦးခရိုင်၊ မြင်းခြံခရိုင်၊ မကွေးခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်၊ သရက်ခရိုင်တို့ရှိ မြို့နယ် ၅၄ မြို့နယ်မှ တောခြောက်ဧရိယာဧက ၂၀ ဒသမ ၁၈ သန်းကို အပူပိုင်းဒေသဟု ယေဘုယျ သတ်မှတ်ထားသည်။ ပျမ်းမျှ နှစ်စဉ်မိုးရေချိန် ၄၀ လက်မအောက်နှင့် ပျမ်းမျှနှစ်စဉ် အပူချိန် ၂၇ ဒီဂရီစင်တီဂရိတ်ခန့်ရှိသည်။ ၁ စတုရန်းမိုင်တွင် လူဦးရေ ၄၅၀ နေထိုင်သည်။ ပျမ်းမျှလူဦးရေတိုးတက်မှုနှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိသည်။ မြေဆီလွှာပြုန်းတီးမှုမြင့်မားပြီး သဲဆန်သည့်မြေဖြစ်သည်။

၁၉၅၃-၅၄ မှ ၁၉၆၂-၆၃ ကာလအတွင်း မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက မိတ္ထီလာသစ်တောနယ် (အထူးသဖြင့် ပုပ္ပားတောင်)စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောများ တည်ထောင်ခဲ့သည်။ ၁၉၆၃-၆၄ မှ ၁၉၈၁-၈၂ အထိ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက အပူပိုင်းဒေသသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဆောင်ရွက်ခဲ့သည်။ သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၄-၉၅ မှ ၁၉၉၆-၉၇ ခုနှစ်အထိ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ သစ်တောစိုက်ခင်းဧက ၅၀၀၀၀ ကျော်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဧက ၂၇၅၀ ကိုတည်ထောင်ခဲ့သည်။ ရေကန်ငယ် ၁၇၈ ကန်နှင့် ဆည်ငယ် ၈၀ တည်ဆောက်ခဲ့သည်။ လူထုသို့ ပျိုးပင် ၁၅ ဒသမ ၄ သန်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ သဘာဝတောဧက ၄ သန်း ထိန်းသိမ်းပေးခဲ့သည်။ တောင်စဉ်တောင်တန်း ၁၃ တောင်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝတောကျန်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သီးသန့်ဖွဲ့စည်းခဲ့သည်။ အပူပိုင်းဒေသတွင် စိမ်းလန်းစိုပြည်သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ဖြစ်လာစေရန်နှင့် ဒေသခံပြည်သူများအတွက် အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်သာမက ရာသီဥတုမျှတကောင်းမွန်လာပြီး သဲကန္တာရဖြစ်ထွန်းမှုကို ကာကွယ်ရန် ရည်ရွယ်ချက်ထားရှိသည်။ အဓိကလုပ်ငန်းကြီးများမှာ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာအသုံးချရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများဖြစ်ကြပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် နှစ် ၃၀ ဘက်စုံပင်မစီမံကိန်း ၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ အထိ ရေးဆွဲပြီး ငါးနှစ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းအပြင် ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် ပူးပေါင်းပြီး အမျိုးသားဆိုင်ရာလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်သည်။ အပူပိုင်းဒေသရှိ တောင်စဉ်တောင်တန်း ၁၇ ခုကို ဖြည့်စွက်စိုက်ပျိုးခြင်းနှင့် သဘာဝတောကျန်များ ထိန်းသိမ်းခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ထင်ရှားသည့် စစ်ကိုင်း မင်းဝံတောင်၊ ကျောက်ဆည် ဝေဘူတောင်၊ ပခုက္ကူ တန့်ကြည်တောင်နှင့် ရှင်မတောင်၊ ညောင်ဦး တုရွင်းတောင်များသည် ယခုအခါ ဘုရားဖူးပြည်သူများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာများ အေးချမ်းစွာနားခိုနိုင်သည့် သစ်တောများဖုံးလွှမ်းသော နေရာများအဖြစ် မြင်တွေ့နိုင်ပြီဖြစ်ပါသည်။

အပူပိုင်းဒေသတွင် မြေဆီလွှာပြုန်းတီးခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် သဘာဝတောများ၏ ကြီးထွားဖြစ်ထွန်းမှုနှင့် သစ်တောစိုက်ခင်းများ၏ အောင်မြင်ရှင်သန်မှုတို့မှာ အကန့်အသတ်များ ရှိနေကြသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ယနေ့ထိ သစ်တောစိုက်ခင်း ဧက သုံးသိန်းခန့် တည်ထောင်ခဲ့သည်။ ကန့်သတ်ချက်များကြောင့် ရှင်သန်ကြီးထွားမှုမှာ ကြိုးစားသလောက် မထိရောက်သေးသည်ကို တွေ့ရသည်။ အပူပိုင်းဒေသတွင် သစ်တစ်ပင်ဖြစ်ထွန်းရန် နှစ်ကာလကြာရှည်စွာ အချိန်ယူစောင့်ဆိုင်းရသော်လည်း ခုတ်ယူရန် အချိန်ပိုင်းသာ ကြာမြင့်ပါသည်။ အပူပိုင်း တောခြောက်များရှိ မျိုးဆက်သစ်အပင်ငယ်များစွာကို ထင်းအတွက် ခုတ်ယူစုဆောင်းခြင်းများ တွေ့ရှိသည့်အခါ အရွယ်ရောက်ပြီး သစ်ပင်ကြီးတစ်ပင်အား ခုတ်လှဲသည်က ခံသာသည်ဟုယူဆမိသည်။ ကျေးရွာသုံး ထင်းစိုက်ခင်းများကို စိုက်ပျိုးခဲ့ကြသည့် ကျေးရွာသားများ အသုံးပြုရန် ပြန်လည်ခွဲဝေပေးနိုင်မှသာ တောပြုန်းသက်သာမည်ဖြစ်သည်။ အပူပိုင်းတောခြောက်များ၏ ဂေဟစနစ်များသည် ဒေသခံလူထုအတွက်သာမက နိုင်ငံတော်အတွက် အရေးပါသည့် သယံဇာတများဖြစ်ကြသည်။ ဥပမာအားဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ဆေးခါးကြီးတောင်တွင် သဘာဝအလျောက် ပေါက်ရောက်နေသော ရှားပါးဆေးဖက်ဝင်အပင်များမှာ တိုင်းရင်းဆေးသမားတော်များအတွက် အလွန်တန်ဖိုးရှိကြောင်း သိရှိရသည်။ အပူပိုင်းတောခြောက်များ ရေရှည်တည်တံ့မှုအတွက် သစ်တောရေးရာဝန်ထမ်းများ၏ လုပ်ဆောင်မှုသာမက ဒေသခံပြည်သူများ၏ သစ်တောသစ်ပင်များအပေါ် မြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လိုသည့် အသိစိတ်ဓာတ်များ တိုးတက်မြင့်မားလာရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကုလသမဂ္ဂ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းက ၂၀၁၂ မှ ၂၀၁၅ အထိ လူထုဟောပြောပွဲများပြုလုပ်ခြင်း၊ မူဝါဒဘောင်သတ်မှတ်ခြင်း၊ သိပ္ပံနည်းပညာနှင့် ဗဟုသုတတိုးမြှင့်ရေး ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားရန်ကြိုးပမ်းခြင်းနှင့် ငွေကြေးနှင့် နည်းပညာများ လွှဲပြောင်းပေးခြင်းတို့ကို ဦးစားပေးအစီအစဉ်များအဖြစ် ချမှတ်ထားပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအနေဖြင့် ဖော်ပြပါလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်သည်။

ယခုနှစ်မိုးရာသီတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနယ်မြေအပါအဝင် မြန်မာနိုင်ငံတစ်ဝန်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင် ၇၈ သန်း စိုက်ပျိုးမည်ဖြစ်သည်။ ရှင်သန်အောင်စိုက်ပျိုးမှုထက် ရေရှည်တည်တံ့အောင်ထိန်းသိမ်းမှုက ပို၍အရေးကြီးပါသည်။ အစိုဓာတ်မလုံလောက်မှုနှင့် မြေဆီအာဟာရနည်းပါးမှုတို့ကို ရင်ဆိုင်ကျော်လွှားလာခဲ့ကြရသည့် အပင်များအား လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များနှင့် မဆင်မခြင်ရှို့မီးများကြောင့် ဆုံးရှုံးမှုမရှိစေရန် ဂရုပြုရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကျန်ရှိစေနိုင်ရန်နှင့် ပူပြင်းခြောက်သွေ့သည့်မြေများရှိ သစ်တောများ တည်တံ့စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မြန်မာ့အလင်း **နောက်ဆုံးရနိုင်ငံတကာသတင်း**

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ ရေလွှမ်းမှုများဖြစ်ပွား ပြည်သူအများအပြား ရေဘေးဒုက္ခကြုံတွေ့နေရ

ကိုတာဘာတို ဇွန် ၁၆

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံ မြောက်ကိုတာဘာတိုပြည်နယ်တို့တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူအများအပြား ရေဘေးဒုက္ခများနှင့် ကြုံတွေ့နေရကြောင်း ဒေသဆိုင်ရာ အရာရှိများက ဇွန် ၁၆ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံ ကျန်စီ၊ ကျီကျင်း၊ အန်ဟွေးနှင့် ဟူဘေး ပြည်နယ်တို့၌ ဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်သူ ၇၇၀၀၀ကျော် ရေဘေးဒုက္ခ ကြုံတွေ့နေရသည်။ ကျန်စီပြည်နယ်တွင် အိမ် ၁၃၂၀ခန့် ရေနစ်မြုပ်လျက်ရှိပြီး ဒေသခံ ၅၂၀၀ အား ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးထားရသည်။

ဖိလစ်ပိုင်နိုင်ငံ ကိုတာဘာတိုမြို့တွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် အိမ် ၉၁လုံးပျက်စီးခဲ့ကာ မိသားစုဝင် ၁၇၀၀၀ကျော်တို့ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြောင်း၊ စာသင်ကျောင်း ၄၇ ကျောင်းမှာ ရေနစ်မြုပ်လျက်ရှိကြောင်း၊ ပီကစ်မြို့တွင် မိသားစုဝင် ၅၇၂၉ ဦးနှင့် တူလူနန်မြို့တွင် မိသားစုဝင် ၂၈၆၄၅ ဦးတို့လည်း ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။**(အောက်ပုံ)**

ထို့အပြင် ကိုတာဘာတိုမြို့ အနီးဝန်းကျင်ရွာများ၌ ဒေသခံ ၆၀၀၀၀တို့ ရေဘေးဒုက္ခ ကြုံတွေ့နေရပြီး ကျေးရွာပေါင်း ၂၆ ရွာ၌ ရေလွှမ်းလျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် လာမည့် သီတင်းနှစ်ပတ်အတွင်း ကျေးရွာပေါင်း ၃၇ ရွာ ရေဘေးဒုက္ခနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

မိုးမြင့်လင်းလက် စုစည်းသည်

အချိန်ကြာမြင့်စွာ လကြတ်မှုဖြစ်ပေါ် ကမ္ဘာ့နိုင်ငံအများအပြားမှ မြင်တွေ့ခဲ့ရ



ဟန်နိုင်း ဇွန် ၁၆

၂၁ရာစု၏ (၅)ကြိမ်မြောက် အချိန်အကြာဆုံးလကြတ်ခြင်းကို ဇွန် ၁၆ ရက် နံနက်စောစောပိုင်းက ကမ္ဘာ့နိုင်ငံအများအပြားမှ ပြည်သူများ မြင်တွေ့ခဲ့ကြရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

လကြတ်ခြင်းသည် ဇွန် ၁၆ ရက် နံနက် ဝ၃သမ ၂၂မိနစ်က စတင်ဖြစ်ပေါ်ခဲ့ပြီး နံနက် ၃ နာရီ ၁၂မိနစ်၌ အပြည့်အဝလကြတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ အပြည့်အဝလကြတ်နေမှုမှာ နံနက် ၄ နာရီ ဝ၂ မိနစ်အထိဖြစ်ပြီး နံနက် ၆နာရီ၌ လကြတ်မှုပြီးဆုံးခဲ့သည်ဟု ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှ အာကာသရေးရာသုတေသနအဖွဲ့ အကြီးအကဲအင်ဂျင်နီယာ ဒန်တန်ဒိုင်က ပြောကြားသည်။

ထိုသို့ အချိန်ကြာမြင့်စွာ လကြတ်ခြင်းကို ဥရောပနှင့်အာဖရိကနိုင်ငံများက ကောင်းစွာမြင်တွေ့ရသလို နယူးဇီလန်၊ ဩစတြေးလျနှင့်အာရှ နိုင်ငံများကလည်း မြင်တွေ့ခဲ့ကြရသည်။ ထို့အတူ လာမည့် ဇူလိုင်လ ၁ရက်နှင့် နိုဝင်ဘာလ ၂၅ ရက်တို့တွင် တစ်ပိုင်းတစ်စ နေကြတ်ခြင်းဖြစ်ပေါ်မည်ဟု နာဆာက သတင်းထုတ်ပြန်ထားသည်။**(အင်တာနက်)**

အပိုင်စီးခံခဲ့ရသော အီဂျစ်ကုန်တင်သင်္ဘော ပြန်လည်လွတ်မြောက်လာ

နယူးဒေလီ ဇွန် ၁၆

ပြန်ပေးဆွဲခံထားရသည့် အီဂျစ်နိုင်ငံ မှတ်ပုံတင်ထားသော အမ်ဗီဆူးအက်အမည်ရှိ ကုန်တင်သင်္ဘောနှင့် သင်္ဘောသားများကို ဆိုမာလီပင်လယ်ဓားပြများက ဇွန် ၁၅ ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း အိန္ဒိယရေကြောင်း အရာရှိများက ဇွန် ၁၆ ရက်၌ ပြောကြားသည်။ (အောက်ပုံ)

၎င်းကုန်တင်သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများက အိန္ဒိယသမုဒ္ဒရာအတွင်း လွန်ခဲ့သည့် ၁၀ လခန့်က သင်္ဘောသား ၂၂ ဦးနှင့်အတူ အပိုင်စီးသွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ သင်္ဘောသားများတွင် အိန္ဒိယနိုင်ငံသား ခြောက်ဦး၊ ပါကစ္စတန် သင်္ဘောသား လေးဦးအပါအဝင်အီဂျစ်နှင့်သီရိလင်္ကာ နိုင်ငံများမှ သင်္ဘောသားများ ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်း၏ ဘဝပုံရိပ်

မောင်မောင်မြင့်ဆွေ စုစည်းသည်

ဟောလီဝုဒ် ရုပ်ရှင်လောက၌ အသက်ငယ်ငယ်နှင့် အောင်မြင်ကျော်ကြားနေသော ရုပ်ရှင် မင်းသမီးမှာ အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဇာတိဖြစ်သည့် အသက် ၁၇ နှစ်အရွယ်သာ ရှိသေးသော ဒါကိုတာဖန်နင်းပင် ဖြစ်သည်။ *(အောက်ဝဲပုံ)*

အသက်ငါးနှစ်အရွယ်မှ စတင်ကာ I Am Sam ဇာတ်ကားတွင် ကလေးသရုပ်ဆောင်အဖြစ် စတင်ပါဝင်ခဲ့သူဖြစ်သော်လည်း အနုပညာ မျိုးရိုးမဟုတ်ချေ။ မိခင်ဖြစ်သူ ဂျွိုင်းမှာ ဂျော်ဂျီယာနိုင်ငံမှ တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူ စတိဗ်ဂျေဖန်နင်းမှာ ဘေ့စ်ဘောကစားသမား ဖြစ်သည်။ သို့သော် ဖခင်ဖြစ်သူမှာ ယခုအခါ လော့စ်အိန်ဂျလိစ်၌ အီလက်ထရွန်နစ်ပစ္စည်းများ ရောင်းချလျက်ရှိသည်။ ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်း၏ အဘိုးမှာ အမေရိကန် ဘောလုံးသမားတစ်ဦးဖြစ်သည်။

ပရိသတ်အကြိုက်တွေ့

နယူးယောက်တက္ကသိုလ် ကျောင်းထွက်တစ်ဦးဖြစ်သော ဒါကိုတာဖန်နင်းသည် အသက်ငါးနှစ်အရွယ်၌ပင် ဟောလီဝုဒ်၏ တစ်နှစ်တာ အကောင်းဆုံး ကလေးသရုပ်ဆောင်ဆုရရှိခဲ့သည်အထိ အနုပညာ အရည်အသွေး ပြောင်မြောက်သူ တစ်ဦးဖြစ်သည်။ ထို့နောက် အင်န်ဘီစီ ရုပ်မြင်သံကြားလိုင်းတွင် ပြသသော ဒရာမာဇာတ်ကားများစွာ၌ ဆက်တိုက်ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ ဒါကိုတာဖန်နင်းသည် အသက်ဆယ့်သုံးနှစ်အရွယ်တွင် ဟောလီဝုဒ်၏ တစ်နှစ်တာ အကောင်းဆုံး လူငယ်အမျိုးသမီး သရုပ်ဆောင်ဆုရရှိခဲ့ပြန်သည်။ အရွယ်နှင့်မလိုက်အောင် သရုပ်ဆောင် အရည်အသွေး မြင့်မားသူဖြစ်ရာ သူမပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားတိုင်း ပရိသတ်အကြိုက်တွေ့ခဲ့သည်။

ရုံတင်ပြသ

ဒါကိုတာဖန်နင်း အောင်မြင်ကျော်ကြားခဲ့သည့် ဇာတ်ကားများမှာ Uptown Girls၊ Man on fire၊ Hide and Seek၊ Nine Lives၊ War of the Worlds၊ Hound dog၊ Cora Line၊ The Runaways စသည့် ရုပ်ရှင်ဇာတ်ကားများဖြစ်သည်။ လက်ရှိပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားများမှာ The Twilight Saga: Breaking Dawn တို့ဖြစ်ကြပြီး ၂၀၁၂ ခုနှစ် အစပိုင်း၌ ရုံတင်ပြသမည်ဖြစ်သည်။

အသက် ၁၇နှစ်အရွယ် အမေရိကန် ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်းသည် လောလောဆယ်၌ ယောကျ်ားလေး မိတ်ဆွေမရှိသေးပါကြောင်း။ ။ ***(အင်တာနက်)***

မြင့်မောင်စိုး - စုစည်းသည်

ဘောလုံးသမားလမ်းပတ် ရုပ်သံကြေညာသူ ဘလိ(ခ်)ကလေနှင့်စေ့စပ်ပြီ

လန်ဒန် ဇွန် ၁၆

အင်္ဂလန်နှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ရုပ်မြင်သံကြား သတင်းကြေညာသူ ခရစ်တိုင်းဘလိ(ခ်)ကလေ (Christine Bleakley) နှင့် စေ့စပ်လိုက်ပြီဖြစ်ကြောင်း အောင်သွယ်တော်များက ဇွန် ၁၅ ရက်၌ ပြောကြားသည်။ ***(အပေါ်ဝဲပုံ)***

ယင်းတို့စုံတွဲသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ဘလိ(ခ်)ကလေက လမ်းပတ်၏ လက်ထပ်ရန်ကမ်းလှမ်းမှုကို အံ့အားသင့်စွာလက်ခံလိုက်ပြီဖြစ်ကြောင်း မစ်ဘလိ(ခ်)ကလေ၏ အေးဂျင့်က ပြောကြားသည်။ သူတို့နှစ်ဦးသည် စေ့စပ်လိုက်ပြီဖြစ်သော်လည်း လက်ထပ်မင်္ဂလာအခမ်းအနားကို အလောသုံးဆယ်ဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း၊ ယင်းတို့စုံတွဲသည် ၂၀၀၉ ခုနှစ်မှ စတင်ပြီး တစ်ဦးနှင့်တစ်ဦး ဆုံစည်းခဲ့ရာမှ ချစ်သူများဖြစ်ခဲ့ကြကြောင်း အေးဂျင့်က ဆက်လက်ပြောကြားသည်။ ***(အင်တာနက်)***

ခုနစ်လုံးမြောက် ဝင်ဘယ်ဒန်ဖလား ဆီရီနာဝီလျံ ကာကွယ်မည်ဟုဆို

လန်ဒန် ဇွန် ၁၆

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ လာမည့် ဇွန် ၂၀ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပမည့် ဝင်ဘယ်ဒန် တင်းနစ်ချန်ပီယံပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဆီရီနာဝီလျံ (Serena Williams)သည် ခုနစ်လုံးမြောက် ဝင်ဘယ်ဒန်ဖလားကိုဆွတ်ခူးရန် အသင့်ပြင်ဆင်ထားကြောင်း ၎င်းက ပြောကြားသည်။ ***(ယာပုံ)***

ဆီရီနာသည် ဇွန် ၁၄ ရက်က ပြန်လည်လေ့ကျင့်နေပြီဖြစ်သည်။ သူမသည် ပြီးခဲ့သည့်နှစ်က ဝင်ဘယ်ဒန်ဖလားကို ၁၃ လုံးမြောက် ဂရင်းဆလမ်းဖလားအဖြစ် ဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ဒဏ်ရာကြောင့် တစ်ပွဲမျှ ပါဝင်ယှဉ်ပြိုင်ကစားနိုင်ခြင်းမရှိခဲ့ပေ။

သူမ၏အဓိကပြိုင်ဘက် ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်(မ်) ကလစ္စတားသည် ခြေထောက်ဒဏ်ရာရရှိထားသဖြင့် ယင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟုဆိုသည်။ ***(အင်တာနက်)***

17-6 (10).pmd 1 6/17/2011, 1:38 AM

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေး)က ကြီးမှူးဖွင့်လှစ်သော လျှပ်စစ်ကျွမ်းကျင်မှု အခြေခံ သင်တန်း (၁/၂၀၁၁)ကို သင်တန်းတည်ရှိရာ အမှတ်(၃၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်၌ ဇွန် ၆ ရက် နံနက် ၈ နာရီက ဖွင့်လှစ်ခဲ့ရာ သင်တန်းတွင် နိုင်ငံပိုင်စက်ရုံများ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက စက်ရုံများနှင့် ပြင်ပမှသင်တန်းသား စုစုပေါင်း ၈၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖွင့်လှစ်

ဤကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းဖြင့် စက်မှုနိုင်ငံထူထောင်ရာတွင် အရေးပါသည့် လျှပ်စစ်ကဏ္ဍတွင် အရည်အသွေးပြည့်ဝသော လျှပ်စစ်ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာမည်ဖြစ်သည်။ ယခုဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်းနှင့် မွမ်းမံသင်တန်းများ ထပ်မံဖွင့်လှစ်ရန်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်အောင်မြို့နယ် မြို့မ နေခြည်ဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၈ ရက်က ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဖြူခရိုင်၌ စီမံကိန်းတာဝန်ပေးအပ်

ကျောက်ဖြူ ဇွန် ၁၆

ကျောက်ဖြူခရိုင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက အမှာစကားပြောကြားပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ခရိုင်စီမံကိန်းဦးစီးမှူး ဦးစိန်လင်းက ရှင်းလင်းဆွေးနွေးသည်။

တာဝန်ပေးအပ်

ထို့နောက် ကျောက်ဖြူခရိုင် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်စိုးက ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

မော်လမြိုင် ဇွန် ၁၆

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော မွန်ပြည်နယ် ရဲတပ်ဖွဲ့၏ တပ်ဖွဲ့ဝင် သား သမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၇ ရက်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုး **(အောက်ပုံ)**က တက္ကသိုလ်အဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ရဲမှူးကြီး၏ဇနီး ဒေါ်စိုးဒေဝီက အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၉၆၈၃၈၀ ရှိ ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်/ရဲတပ်ဖွဲ့မှူးရုံး)

သစ်ပင်စိုက်ပျိုးပွဲ ရွှေဘိုမြို့နယ်၌ ကျင်းပ

ရွှေဘို ဇွန် ၁၆

ရွှေဘိုမြို့နယ် မဟာနန္ဒာကန်အနောက်ဘက်ခြမ်းတွင် ဇွန် ၅ ရက် နံနက် ၇ နာရီက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် မန်ကျည်း ၆၀၀၊ တမာ ၆၀၀၊ စွယ်တော် ၃၀၀၊ စိန်ပန်းကြီး ၃၀၀ စုစုပေါင်းအပင်၁၈၀၀တို့ကို ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

ကံမမြို့နယ် ထန်းကောက်ကျေးရွာ၌ အလှူရှင်စက်ရေတွင်းတူးဖော်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့ မေ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၁၆

သုံးခွမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

သုံးခွမြို့နယ် ဘုရားကြီးစံပြကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများ၏ထည့်ဝင်ငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဖိုးဖွားချစ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက် ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးသိန်းနှင့် အလှူရှင် ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

__ပေးအပ်လှူဒါန်း__

ထို့နောက် နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်းနှင့် သွပ်အချပ် ၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင်များ၊ အလှူရှင် ဦးလှသိန်း-ဒေါ်စိုးစိုး(ရာဇာ-စတိုး)က မြေနေရာနှင့် အဆောက်အအုံအတွက် ငွေကျပ် ငါးသိန်း၊ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် ငွေကျပ် ၂၈၉၄၉၀နှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၅၂၇၀၅၀ တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် မှော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ စာပေဥယျာဉ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းရှိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သီတာဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အောက်ပုံ)***

__ပေးအပ်လှူဒါန်း__

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးတို့က စာဖတ်ရခြင်းအကျိုးကျေးဇူးများကို ဟောပြောပြီးနောက် ကျေးရွာစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၅ အုပ်၊ စာရေးဆရာရွှေဘိုတင်အောင်က စာအုပ်စာစောင် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

ဖလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်း

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်နေပြည်သူများ အသိပညာ၊ ဗဟုသုတများရရှိရေးအတွက် စာအုပ်စာစောင်များလှူဒါန်းပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

__ပေးအပ်လှူဒါန်း__

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ထွန်းနှင့် ရုံးဝန်ထမ်းမိသားစုက ငွေကျပ်၁၅၀၀၀၀တန်ဖိုးရှိ သတင်းစာ၊ စာအုပ်စာစောင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနက ငွေကျပ်၃၀၀၀၀ တန်ဖိုးရှိ ထိုင်ခုံတန်းလျားတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ *(၄၃၃)*

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား -

နားမယောင်လေနဲ့ သတိထား။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ယာယီ)မှ အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဧည့်လမ်းညွှန်များ အရေးပါ ဧည့်သည်များ ပြန်လည်ထွက်ခွာချိန်အထိ အနီးကပ်လိုက်ပါပို့ဆောင်

နေပြည်တော် ဇွန် ၁၆

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍသည် အဓိကအရေးပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်ကြသည့် နိုင်ငံခြားသားဧည့်သည်များအား စတင်ရောက်ရှိသည့်အချိန်မှ ပြန်လည်ထွက်ခွာသည့်အချိန်ထိ ခရီးစဉ် အစ/အဆုံးကို ဧည့်လမ်းညွှန်များက အနီးကပ်လိုက်ပါပို့ဆောင်ကြရကြောင်း၊ ဧည့်သည်၏ ခရီးစဉ်အပေါ် စိတ်ချမ်းသာမှု၊ လုံခြုံမှု၊ အဆင်မပြေမှုများသည် ဧည့်လမ်းညွှန် အပေါ်တွင် အဓိကမူတည်နေကြောင်း၊ ဧည့်လမ်းညွှန်တစ်ယောက်၏ မသင့်လျော်သော အပြုအမူကြောင့် မိမိနိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်း နိုင်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ရာတွင်လည်း တိုက်ရိုက်ထိရောက်မှုရှိအောင် ဆောင်ရွက်နိုင်သူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ဧည့်လမ်းညွှန်များ၏ အရေးပါသော အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ ဧည့်လမ်းညွှန်အသင်းဖွဲ့စည်းရေးကို ဦးဆောင်စီစဉ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး နီလာ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ယာယီ)မှ အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးပြောကြားသည်။ ***စာမျက်နှာ ၈ ကော်လံ ၂*** ✻

ပေါင်စနစ်ဖြင့် စပါးပျိုးထောင်နည်း သဲကုန်း၌သရုပ်ပြ

သဲကုန်း ဇွန် ၁၆

ပြည်ခရိုင် သဲကုန်းမြို့နယ်၌ စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် သီပွံနည်းကျ ပေါင်စနစ်ဖြင့် မျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇွန် ၁၅ ရက် နံနက် ၈ နာရီက ပွဲပြည့်စိုက်ကွင်း၌ ကျင်းပရာ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း ပဲခူးတိုင်းဒေသကြီး တိုင်းမန်နေဂျာ ဦးသိန်းထွန်းက ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပါက မျိုးစေ့နှုန်းသက်သာ၍ ပင်ပွားပိုမို ရရှိကာ အထွက်နှုန်းပိုကြောင်းနှင့် ***စာမျက်နှာ ၅ ကော်လံ ၃*** ❖

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



အချိန်ကြာမြင့်စွာ လကြတ်မှုဖြစ်ပေါ်၊ ကမ္ဘာ့နိုင်ငံ အများအပြားမှ မြင်တွေ့ခဲ့ရ။ (စာ - ၁၀)

ချယ်လ်ဆီးကစားသမား လမ်းပတ် ရုပ်သံကြေညာသူ ဘ လိ(ခ်) က လေ နှင့် စေ့စပ်ပြီ။ (စာ - ၁၀)

အသက် ၁၇ နှစ်အရွယ် ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး ဒါကိုတာဖန်နင်း၏ အားကျဖွယ်ရာ ဘဝပုံရိပ်လွှာ။ (စာ - ၁၀)

17-6 (20).pmd 1 6/17/2011, 1:38 AM